# သိမ်ကုန်းကျေးရွာ
# ရွာငံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သိမ်ကုန်းကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၂ခုနှစ်

သိမ်ကုန်းကျေးရွာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)ငါးလုပ်ငန်း | |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူကပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | |
| ၆ | **ပညာရေး** | |
| ၇ | **ကျန်းမာရေး** | |
| ၈ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများ ပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သိမ်ကုန်းကျေးရွာ
ရွာငံမြို့နယ်

# သိမ်ကုန်းကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

သိမ်ကုန်းကျေးရွာသည် ရှာင်မြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ကျော်ကတည်ရှိခဲ့ပါသည်။ သိမ်ကုန်းကျေးရွာသည် ရှာင်မြို့၏အရှေ့မြောက်ဘက် (၈)မိုင်အကွာတွင် တည်ရှိပြီး ကျေးရွာတည်ရှိရာသည် ကုန်းမြင့်ချိုင့်ဝှမ်းဒေသရှိပါသည်။ ကျေးရွာ အနီးတွင် အခြားကျေးရွာနှင့် ဆက်စပ်လျက်ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် သစ်တောများ အသင့်အတင့်ရှိသဖြင့် ရာသီဥတုပုံမှန် အနေအထား ရှိပါသည်။ သို့သော် ယခင်နှင့်နှိုင်းစာလျှင် သစ်တောများပြုန်းတီးလာသည်ကို တွေ့ရပါသည်။ သဘာဝ အရင်းအမြစ်များအနေဖြင့် ကျောက်ခဲများနှင့် သဘာဝဆေးဖက်ဝင်အပင်များ ထွက်ရှိပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် ထင်းများရှားပါးလာပါသည်။

## ၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

သိမ်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၃၇)စုနှင့် ကျား (၇၁၃)ဦး၊ မ (၇၀၆)ဦး စုစုပေါင်းလူဦးရေ (၁၄၁၉)ဦးရှိပါသည်။ ကျေးရွာတွင် ဓနုလူမျိုးများ အများဆုံးနေထိုင်ပြီး အခြားတိုင်းရင်းသားလူမျိုး အနည်းငယ်လည်းရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီးဦးရေ ကွာခြားမှုမရှိပါ။ ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သာရေးနာရေးအဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့အစည်းများ ကျန်းမာရေး၊ ပညာရေး၊ သာသနာရေး အဖွဲ့များရှိပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်မှုရှိသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သည့် အဖွဲ့အစည်းများမှာ စထာပနာ၊ ဟာနာ၊ ကျေးရွာမတည်ရန်ပုံငွေအဖွဲ့ စသည့်အဖွဲ့များရှိပြီး ကျေးရွာသူ/သားများ၏ ငွေကြေးဘဏ္ဍာအတွက်လိုအပ်သောချေးငွေများကို ထုတ်ချေးနိုင်ပါသည်။ အခြားသောပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသေးသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

**(က)** သီးနှံစိုက်ပျိုးရေး

သိမ်ကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ (၃၈၀)ဧကရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု (၂၀) စု၊ (၂) ဧကအောက် အိမ်ထောင်စု (၂၇၀) စု၊ (၂.၅) ဧကအထက်အိမ်ထောင်စု (၄၇) စုတို့ရှိကြပြီး အဓိကအားဖြင့် လက်ဖက်ကို စိုက်ပျိုးကြပါသည်။ အချို့သော အိမ်ထောင်စုများမှာ ဂျင်း၊ ခရမ်းချဉ်၊ မုန်လာတို့ကိုလည်း စိုက်ပျိုးကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စားလိုက်ခြင်းနှင့် ကျပန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိပြီး လက်လုပ်လက်စားအိမ်ထောင်စုများပါသည်။ ရာသီသီးနှံစိုက်ပျိုးကြသော်လည်း စီးပွားရေးအဆင်ပြေမှုမှာ ကုန်ဈေးနှုန်းအနေအထားအရ အဆင်ပြေမှုနည်းပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် စိုက်ပျိုး၍မရနိုင်သော လျှော်မြေနှင့်ကျောက်တောင်တန်းများစွာရှိပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ လက်ဖက်၊ လိမ္မော်၊ ဂျင်းတို့ကို စိုက်ပျိုးကြသော်လည်း ဝင်ငွေမှာ အသင့်အတင့်မျှသာရရှိကြပါသည်။ လယ်ယာသုံး စက်ပစ္စည်းများအနေဖြင့် သီးညှပ်စိုက်သော နှစ်ရှည်ပင်များကြောင့်လည်းကောင်း၊ ညီညာပြန့်ပြူးသောမြေနေရာနည်းပါးသည့်အတွက် လူ၏လုပ်အားကိုသာ အဓိကထား လုပ်ကိုင်စားသောက်ကြရပါသည်။

စိုက်ပျိုးရေးသုံး မြေသြဇာ၊ ပိုးသတ်ဆေးကို ကျေးရွာအနီးတဝိုက်ရှိ ဆေးဆိုင်များတွင် ဝယ်ယူအသုံးပြုကြပါသည်။ ကျေးရွာထွက်သီးနှံများမှ လက်ဖက်ကို ရွာတွင်းအဝယ်ဒိုင်များတွင် ရောင်းဝယ်ကြပြီး လိမ္မော်များကို အောင်ပန်း၊ မန္တလေး၊ ရန်ကုန်များသို့ ရောင်းချကြပါသည်။ ကျေးရွာသားများသည် မြေဆီလွှာပြုပြင်ထိန်းသိမ်းမှုအားနည်းမှုရှိနေသည်ကို တွေ့ရှိရပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

သိမ်ကုန်းကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၅၀)ခန့်ရှိပြီး နွားကောင်ရေ (၁၈၀)ကောင်ခန့်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု (၃)ဦးခန့်ရှိပြီး ကျွဲကောင်ရေ (၁၅)ကောင်၊ ဝက်မွေးမြူထားသောအိမ်ထောင်စု (၄၀) စုခန့်ရှိပြီး ဝက်ကောင်ရေ (၈၀)ကောင်ခန့်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းကို အိမ်ထောင်စုအနည်းငယ်သာ လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စားကျက်မြေနည်းပါးခြင်းကြောင့် မွေးမြူရေးတိုးချဲ့ လုပ်ကိုင်ရန်အခက်အခဲရှိပါသည်။

**(ဂ) ငါးလုပ်ငန်း**

ကျေးရွာသည် တောင်ပေါ်ဒေသ ဖြစ်သောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

**(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အခြားဝင်ငွေရသော အသေးစားအိမ်တွင်းမှု တနိုင်တပိုင်လုပ်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ နေ့စားလိုက်သောအိမ်ထောင်စုများ ရှိပါသည်။ ကျေးရွာအတွင်းနှင့် အနီးတဝိုက်ကျေးရွာများတွင် ကုန်ကြမ်းသီးနှံများရှိသော်လည်း ကုန်ချောအဆင့်ထုတ်ရန် နည်းပညာလေ့လာမှုမရှိကြခြင်း၊ ဈေးကွက်ချိတ်ဆက်နိုင်မှု အားနည်းခြင်းတို့ကြောင့် ပြင်ပဝင်ငွေရလုပ်ငန်းမလုပ်နိုင်ကြပါ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် စထာပနာ၊ ဟာနာ၊ ကျေးရွာမတည်ရန်ပုံငွေအဖွဲ့ စသည့်အဖွဲ့များထံမှ ချေးငွေများရယူကြပါသည်။ ဆွေမျိုးသားချင်းများထံမှလည်း ငွေချေးယူကြပါသည်။ အခြားငွေချေးသူထံမှလည်း အတိုးနှုန်းမြင့်သော်လည်း ငွေချေးယူ၍ မိသားစုကိစ္စများကို ဖြေရှင်းကြပါသည်။ မိသားစု ကျန်းမာရေး၊ ပညာရေး ဝင်ငွေရ လုပ်ငန်းလုပ်ရာတွင်လည်း သုံးကြပါသည်။

**၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ကား၊ ထော်လာဂျီများ အဓိကထားအသုံးပြုကြပါသည်။ **အချို့အိမ်ထောင်စုများသည်**

ကိုယ်ပိုင်ယာဉ်မရှိသောကြောင့် သယ်ယူခြင်းနှင့်သွားလာရေးတွင် အခြားပိုင်ဆိုင်သူများထံမှ ငှားရပါသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီ၌ သွားလာရန် ခက်ခဲမှုများစွာရှိနေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲသောအိမ်ထောင်စု(၂၁၆)စု၊ ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု(၄၁)စု၊ မီးအသုံးမပြုနိုင်သော အိမ်ထောင်စု(၈၀)စုရှိပါသည်။ လျှပ်စစ်မီးသုံးစွဲနိုင်သော အိမ်ထောင်စုများအတွက် ချက်ပြုတ်ရေးအဆင်ပြေသော်လည်း မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသောကြောင့် အိမ်ထောင်စုငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများမှာ ထင်းကို အဓိကအသုံးပြုကြပါသည်။ ထင်းအသုံးပြုသူများလည်းရှိနေသောကြောင့် သစ်တောပြုန်းတီးမှုများရှိနေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၅၀၀)လုံး၊ တီဗွီ (၇၀)လုံး၊ ရေဒီယို(၁၅)လုံးစသည်တို့မှရရှိသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့် ဆက်သွယ်ရေးအဆင်ပြေကြပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပါသည်။ ကျေးရွာတွင်စာမတတ်သူ မရှိသလောက် နည်းပါးပါသည်။ ကျောင်းအဆောက်အဦးများလုံလောက်မှုရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သိမ်ကုန်းကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာကို တစ်ရွာလုံးသုံးစွဲကြပါသည်။ အိမ်ထောင်စုတိုင်း အိမ်သာများ ရှိကြပါသည်။ လူဦးရေများပြီးဆေးပေးခန်းမရှိသည့်အတွက် အခက်အခဲရှိပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြီးကြီးမားမား ထိခိုက်မှုမရှိပါ။ တစ်ခါတစ်ရံ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် ဆီးနှင်းများကျရောက်သောကြောင့် သီးနှံပင်များ ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။ လွန်ခဲ့သော (၂၀၁၆)ခုနှစ်က ကျေးရွာတွင် မိုးသီးကျမှုကြောင့် ဆုံးရှုံးပျက်စီးရမှုများရှိခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုနည်းပါးသောကြောင့် ကြိုတင်ပြင်ဆင်ရမည့်အသိပညာ နည်းပါးကြပါသည်။

အမှိုက်များကိုစနစ်တကျစွန့်ပစ်မှုနည်းပါးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်း ရမည့်နည်းပညာများ မျှဝေပေးရန် လိုအပ်နေပါသေးသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေမှာ ကွာခြားမှုမရှိပါ။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများမှာ အမျိုးသား များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေးကိစ္စများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှုရှိပါသည်။

၁၀။ ကျောက်ပုံကျေးရွာတွင်ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- သိမ်ကုန်းကျေးရွာအုပ်စု ကျေးရွာအမည်-သိမ်ကုန်းကျေးရွာ

| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့် လုပ်ငန်းစဉ်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရေမလုံလောက်ခြင်း | ကော်ပိုက်နေရာတွင် သံပိုက်အစားထိုးရန် လိုအပ်နေခြင်း | ကော်ပိုက်နေရာတွင် သံပိုက်အစားထိုးခြင်းလုပ်ငန်း(၂.၅မိုင်) | |
| ၂။ | ဘက်စုံသုံးခန်းမမရှိခြင်း | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ဘက်စုံသုံးခန်းမ (၆၀ ’၊ ၄၀ ’၊ ၁၂ ’) | |
| ၃။ | ရွာတွင်းလမ်းသွားလာမှု ခက်ခဲခြင်း | မြေသားလမ်းကိုကျောက်ချောလမ်းအဖြစ် မြှင့်တင်ခြင်းလုပ်ငန်း | မြေသားလမ်းကိုကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခြင်း(၂.၅မိုင်) | |
| ၄။ | ဆေးပေးခန်းမရှိခြင်း | ဆေးပေးခန်းတည်ဆောက်ခြင်း | ဆေးပေးခန်း (၃၀ ’၊ ၂၅ ’၊ ၁၂ ’) | |

နောက်ဆက်တွဲ(၁)

သိမ်ကုန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | အသက် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးကျော်သန်း | ဥက္ကဋ္ဌ | ၁၃/ရငန(နိုင်) | | ၀၉-၆၇၆၂၃၇၈၉၀ | |
| ၂။ | ဒေါ်လှလှသင်း | အတွင်းရေးမှူး | ၁၃/ရငန(နိုင်)၀၆၁၁၅၅ | ၂၂ | ၀၉-၆၉၇၁၅၆၈၃၃ | |
| ၃။ | ဦးခင်မောင်ချို | ဝယ်/ဆပ် ကော်မတီဥက္ကဋ္ဌ | ၁၃/ရငန(နိုင်)၀၄၃၂၄၈ | ၃၈ | ၀၉-၆၇၇၄၄၆၈၈၅ | |
| ၄။ | ဦးဌေးလှိုင် | ဝယ်/ဆပ် ကော်မတီဘဏ္ဍာရေးမှူး | ၁၃/ရငန(နိုင်)၀၁၄၉၀၀ | ၅၁ | ၀၉-၆၆၇၃၃၆၁၀၇ | |
| ၅။ | ဦးကျော်ကာ | ဝယ်/ဆပ်ကော်မတီ စာရင်းကိုင် | ၁၃/ရငန(နိုင်)၀၃၁၆၂၁ | ၃၈ | ၀၉-၄၄၁၈၂၉၀၉၁<br>၀၉-၆၆၀၄၉၂၉၆၉ | |
| ၆။ | ဒေါ်သုသုမော် | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၇၆၄၉၁ | ၁၉ | ၀၉-၆၆၁၅၉၁၄၆၀ | |
| ၇။ | ဦးအောင်မင်း | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၁၄၈၈၉ | ၆၇ | – | |

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | အသက် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၈။ | ဦးဝင်းမျိုးဆန်း | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၃၃၉၉၈ | ၃၈ | ၀၉-၆၉၃၉၂၇၇၅၄ | |
| ၉။ | ဦးလွင်အောင် | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၄၈၈၅၁ | ၄၀ | | |
| ၁၀။ | ဒေါ်သင်းသင်း | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၃၁၆၄၈ | ၃၉ | ၀၉-၆၉၇၇၅၉၅၂၃ | |
| ၁၁။ | ဦးမြင့်ဇော် | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၃၂၁၀၁ | ၄၅ | ၀၉-၆၉၈၈၉၅၄၅၆ | |
| ၁၂။ | ဒေါ်ခင်သက်အောင် | အဖွဲ့ဝင် | ၁၃/ရငန(နိုင်) | | | |
| ၁၃။ | ဒေါ်မျိုး | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၅၇၆၆၉ | | ၀၉-၆၇၅၆၉၉၆၄၂ | |

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (သိမ်ကုန်းကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ဟောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ရေမလုံလောက်ခြင်း ရေသွယ်တန်းယူဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ အရည်အသွေးမြှင့်တင်ခြင်း | သွယ်တန်းရာ၌ သံပိုက်လုံလောက်မှု မရှိခြင်း | သံပိုက်အစားထိုး အသုံးပြုခြင်း | | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကြံညဏ်ယူပြီးဆောင်ရွက်ပါမည်။ | သံပိုက်အစားထိုး တပ်ဆင်ခြင်းလုပ်ငန်း |
| ၂။ | အစည်းအဝေးကျင်းပပြုလုပ်ရန် နေရာအခက်အခဲဖြစ်နေခြင်း | ဘက်စုံသုံးခန်းမမရှိခြင်း | ဘက်စုံသုံးခန်း မအဆောက်အဦးအတွက်မြေနေရာရှိခြင်း | ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကြံညဏ်ယူပြီးဆောင်ရွက်ပါမည်။ | ဘက်စုံသုံးခန်းမ အဆောက်အဦးရရှိရန်/တည်ဆောက်ရန် လိုအပ်နေ |
| ၃။ | လမ်းကြံ့ခိုင်မှုအားနည်းခြင်း | မြေသားလမ်းဖြစ်နေခြင်း | ကြံ့ခိုင်ကောင်းမွန်သောလမ်းဖြစ်ရန် ရွာသူရွာသားများလိုလားခြင်း | ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း | မြို့နယ်စည်ပင်ဦးစီးဌာနမှ အကြံညဏ်ယူပြီး ဆောင်ရွက်ပါမည်။ | မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခြင်း |
| ၄။ | ပတ်ဝန်းကျင်ရှိဆေးပေးခန်းသို့ သွားရောက်ကုသမှုခံယူ | ဆေးပေးခန်း မရှိခြင်း | ဆေးပေးခန်းအဆောက်အဦအတွက်မြေနေရာ | ငွေကြေးထည့်ဝင်နိုင်မှုအားနည်း | ကျန်းမာရေးဦးစီးဌာနမှ အကြံညဏ်ယူပြီးဆောင်ရွက်ပါမည်။ | ဆေးပေးခန်းအဆောက်အဦ ရရှိရန်/ တည်ဆောက်ရန် လိုအပ်နေခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | နေရခြင်း | | လိုလားခြင်း | ခြင်း | | |

နောက်ဆက်တွဲ(၄)

သိမ်ကုန်းကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကော်ပိုက်နေရာတွင် သံပိုက်အစားထိုးခြင်း လုပ်ငန်း | ၁ | J | J | J | J | J |
| ၂။ | မြေသားလမ်းကို ကျောက်ချောလမ်းမြှင့်တင်ခြင်းလုပ်ငန်း | ၂ | | J | J | J | J |
| ၃။ | ဘက်စုံသုံးခန်းမအဆောက်အဦး တည်ဆောက်ခြင်းလုပ်ငန်း | ၃ | | J | J | J | J |
| ၄။ | ဆေးပေးခန်းအဆောက်အဦး တည်ဆောက်ခြင်း လုပ်ငန်း | ၄ | | | J | J | J |